# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့
# ၁၉၆၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ။
## [၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၀။]
## ၁၃၂၆ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၁၃ ရက်။
## (၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၄ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ (၁) အောက်တွင်ဖော်ပြပါ တာဝန်ခံအသီးသီးသည်၊ မိမိနှင့် ယှဉ်တွဲဖော်ပြထားသော ဘဏ္ဍာတော်ငွေ များမှ ဆက်လက်ယှဉ်တွဲဖော်ပြထားသည့် ကျပ်ငွေ စုစုပေါင်းကို၊ ထပ်မံဆက်လက်ယှဉ်တွဲဖော်ပြထား သောဇယားတွင် ဖော်ပြထားသည့်အတိုင်းထုတ်၍၊ ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံး သည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

| အမှတ်စဉ် | တာဝန်ခံ | ဘဏ္ဍာတော်ငွေ အမည် | စုစုပေါင်းငွေ | ရည်ညွှန်းသည့် နောက်ဆက်တွဲ ဇယား |
|---|---|---|---|---|
| | | | ကျပ် | |
| ၁ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးဌာနတာဝန်ခံ။ | ပြည်ထောင်စုမြန်မာနိုင်ငံ ၏ ဘဏ္ဍာတော်ငွေများ။ | ၁၁,၃၃,၀၈,၁၃၀ | နောက်ဆက်တွဲ ဇယား (က)။ |
| ၂ | ကချင်ပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌ။ | ကချင်ပြည်နယ်၏ဘဏ္ဍာ တော်ငွေများ။ | ၅၀ | နောက်ဆက်တွဲ ဇယား (ခ)။ |
| ၃ | ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ | အစိုးရလက်အောက်ခံဘုတ် အဖွဲ့၊ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ | ၇,၅၄,၈၁,၈၄၀ | နောက်ဆက်တွဲ ဇယား (ဂ)။ |

Myanmar Law Information System (MLIS)

| | | | | |
|---|---|---|---|---|
| | ဘဏ္ဍာရေးဌာနတာဝန်ခံ။ | ဘဏ် နှင့် အခြားအဖွဲ့အစည်းများ ၏ ဘဏ္ဍာတော်ငွေများ။ | | |

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၃ ခုနှစ်၊ ဘဏ္ဍာတော် ခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၂) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ် ယူရမည်။

ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၆ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၁၃ ရက်။

(၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်။)

အမိန့်အရ၊

ဒု-ဗိုလ်မှူးကြီး ကိုကို၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲ ဇယား (က)။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန် စာရင်း။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 နောက်ဆက်တွဲ ဇယား (ခ)။ ကချင်ပြည်နယ်၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန်စာရင်း။

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နောက်ဆက်တွဲ ဇယား (ဂ)။ အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ ၏ ဘဏ္ဍာတော်ငွေများမှ သုံးစွဲရန် စာရင်း။

Myanmar Law Information System (MLIS)